**MAPCO**
AGRIBUSINESS

စာအမှတ်၊MAPCO/DRM/Share( ၃၆၁ /၂၀၂၅)
ရက်စွဲ ၊၂၀၂၅ ခုနှစ်၊ဒီဇင်ဘာလ ၃၀ ရက်

အကြောင်းအရာ။ **MAPCO ကုမ္ပဏီ၏ အစုရှယ်ယာရှင်များထံသို့ အစုရှယ်ယာတိုးမြှင့် ထည့်ဝင်ရင်းနှီးမြှုပ်နှံနိုင်ရေးဖိတ်ခေါ်စာ**

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO)ကိုစတင်ဖွဲ့စည်းချိန် (၂၀၁၂ ခုနှစ်) ကတည်းက အစုရှယ်ယာထည့်ဝင်ရင်းနှီးမြှုပ်နှံမှုအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ဦးစွာ ဖော်ပြအပ်ပါသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလတွင် ကုမ္ပဏီအနေဖြင့် အခက်အခဲများ၊စိန်ခေါ်မှုများစွာကို ကြုံတွေ့ ခဲ့ရပြီး ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသလို အချို့သော လုပ်ငန်းဆောင်ရွက်မှုများသည် အောင်မြင်တိုးတက်မှု ရရှိခဲ့ပါသည်။ကုမ္ပဏီအနေဖြင့်ရေတို အတွက်မဟုတ်ဘဲ ရေရှည်အကျိုးအတွက် အကျိုးစီးပွားဖြစ်ထွန်းရေးကို ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့မှုများ လည်းရှိခဲ့ပါသည်။

၂။ ကုမ္ပဏီအနေဖြင့်အစုရှယ်ယာရှင်များကို အောက်ပါအတိုင်း အမြတ်ဝေစုများအား ဒါရိုက်တာအဖွဲ့၏ ထောက်ခံချက် ဖြင့် ထုတ်ဝေပေးခဲ့ပါသည်-

| စဉ် | ခုနှစ် | အစုရှယ်ယာထည့်ဝင်မှုအမျိုးအစား | အမြတ်ဝေစု |
|---|---|---|---|
| ၁ | ၂၀၁၄-၂၀၁၅ | အစု(၁ မှ ၁၀၀၀)အထိ<br>အစု (၁၀၀၀)အထက် | ၁၂ %<br>၁၂ သိန်း |
| ၂ | ၂၀၁၅-၂၀၁၆ | အစု(၁ မှ ၁၀၀၀)အထိ<br>အစု (၁၀၀၀)အထက် | ၁၂ %<br>၁၂ သိန်း |
| ၃ | ၂၀၁၆-၂၀၁၇ | အစု(၁ မှ ၁၀၀၀)အထိ<br>အစု (၁၀၀၀)အထက် | ၁၂ %<br>၁၂ သိန်း |
| ၄ | ၂၀၁၇-၂၀၁၈ | အစု(၁ မှ ၁၀၀၀)အထိ<br>အစု (၁၀၀၀)အထက် | ၁၂ %<br>၁၂ သိန်း |
| ၅ | ၂၀၁၈-၂၀၁၉ | အစု(၁ မှ ၁၀၀၀)အထိ<br>အစု (၁၀၀၀)ထက်ပိုသောရှယ်ယာ | ၁၂%<br>၈% |
| ၆ | ၂၀၁၈-၂၀၁၉ | အစု(၁ မှ ၁၀၀၀)အထိ<br>အစု (၁၀၀၀)အထက် | ၇ %<br>၇သိန်း |
| ၇ | ၂၀၂၃-၂၀၂၄ | အစုရှယ်ယာအားလုံး | ၇ % |

**Myanmar Agribusiness Public Company Limited**
No.100, Corner of Wardan Street & Kan Nar Street, Beside the Concrete Express Way, Wardan Port Area, Lanmadaw Township, Yangon, Myanmar.
**Tel:** (+95-1) 2301652~53, 2301825~6 **Fax:** (+95-1) 2301824 **Email:** admin@mapco-ygn.com **Website:** www.mapco.com.mm

MAPCO
AGRIBUSINESS

၃။ ယခင်နှစ်မှစ၍ ကုမ္ပဏီအနေဖြင့် နှစ်စဉ်ဝင်ငွေကျပ်ဘီလီယံ ၁၂၀-၁၅၀ ဝန်းကျင် ရှာဖွေနိုင်သည့် အခြေအနေ ရှိလာခြင်း၊ ဆန်စက်များ၊ သိုလှောင်ရုံများကိုလည်း လှိုင်သာယာ၊ မှော်ဘီ၊ တိုက်ကြီး၊ နေပြည်တော်၊ မြောင်းမြ၊ မအူပင် တို့တွင် လည်ပတ်နိုင်ရေးဆောင်ရွက်ထားနိုင်ခြင်း၊ ဖွဲနုဆီ နှင့်နေကြာဆီ၊ ပဲပုပ်ဆီ စသော စားသုံးဆီထုတ်လုပ်မည့်ဆီစက်များကိုလည်း ဆောင်ရွက်နေပြီး သီလဝါအကွက် ၂၈ ဆိပ်ကမ်းတည်ဆောက်ရေး၊ လှည်းကူးစက်မှုဇုန် တည်ဆောက်ရေး စသော လုပ်ငန်းများကိုလည်း ဆောင်ရွက်ထားနိုင်ပြီ ဖြစ်သည့်အတွက် လုပ်ငန်းများသည် အလားအလာ ကောင်းမွန်မှု အခြေအနေဖြစ်နေပြီဖြစ်ပါသည်။ ကုမ္ပဏီ၏ ကုန်ထုတ်လုပ်မှုအတွက်လတ်တလောလိုအပ်မှုမရှိသေးသော နေရာများကို ထုခွဲရောင်းချပြီးဘဏ်ချေးငွေများကိုလည်း ပြန်လည်ပေးဆပ်လျက်ရှိပါသည်။ကုမ္ပဏီအတွက်ရေရှည် အကျိုးအမြတ်ရှိသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ တိုးချဲ့ဆောင်ရွက်နေချိန်ဖြစ်၍ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုကိုလက်ရှိ ကျပ်ငွေ(၂၄)ဘီလီယံရင်းနှီးမြှုပ်နှံမှုမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုးမြှင့်၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန်စီစဉ်လျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များအနေဖြင့်မိမိတို့၏ အစုရှယ်ယာများကို တိုးမြှင့်ထည့်ဝင်လိုပါက ထည့်ဝင်နိုင်ပါရန်ဖိတ်ခေါ်အသိပေးအပ်ပါသည်။လက်ရှိ အစုရှယ်ယာတစ်စု(One share)ထည့်ဝင်ထားသူအား နောက်ထပ်အစုရှယ်ယာအများဆုံး (Three share) အထိ တိုးမြှင့်ဝယ်ယူနိုင်မည့် Right ကို ၂၀၂၆ ဇန်နဝါရီလ မှ ဖေဖော်ဝါရီလအတွင်းဆောင်ရွက်နိုင်ပါကြောင်းနှင့် ထိုသို့ ထပ်တိုးဝယ်ယူထားသော အစုရှယ်ယာများကို မိမိကိုယ်တိုင် ဆက်လက်ပိုင်ဆိုင်ရင်းနှီးမြှုပ်နှံခြင်းဖြစ်စေ၊ အကယ်၍ ဆက်လက်ရင်းနှီးမြှုပ်နှံလိုခြင်း မရှိပါက ၂၀၂၆ ခုနှစ် မတ်လအတွင်းကုမ္ပဏီ၏ အစုရှယ်ယာဌာနတွင် အစုရှယ်ယာဝယ်ယူလိုကြောင်း အဆိုပြုကမ်းလှမ်းသူများထံသို့ အနည်းဆုံးအားဖြင့် ၆% မှ ၁၀ % အတွင်း အကျိုးအမြတ်ရရှိနိုင်မှုရှိပြီး၊သက်ဆိုင်ရာတံဆိပ်ခေါင်းခွန်အပါအဝင် အခွန်အခများပေးဆောင်ပြီး လုပ်ထုံးလုပ်နည်း နှင့် အညီ ပြန်လည်လွှဲပြောင်းရောင်းချပေးနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေး တင်ပြအပ်ပါသည်။

(ရဲမင်းအောင်)
အုပ်ချုပ်မှုဒါရိုက်တာ

မိတ္တူကို

- ရုံးလက်ခံ

Myanmar Agribusiness Public Company Limited
No.100, Corner of Wardan Street & Kan Nar Street, Beside the Concrete Express Way, Wardan Port Area, Lanmadaw Township, Yangon, Myanmar.
Tel: (+95-1) 2301652~53, 2301825~6 Fax: (+95-1) 2301824 Email: admin@mapco-ygn.com Website: www.mapco.com.mm